အကြို-မူလတန်း

Public education
**Discover a world of opportunities**

# စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း - အိမ်တွင်လေ့လာသင်ယူခြင်း

## စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း အကြံဉာဏ်များ

### အတူတကွ ဖတ်ပါ

သင့်ကလေးနှင့်အတူ ပုံမှန် စာအုပ်များကို ဖတ်ပါ။ သူတို့ကြိုက်နှစ်သက်သည့် ပုံဇာတ်လမ်းများကို ထပ်ခါတလည်လည် ဖတ်ပေးပါ။ အသုံးများသည့် စကားလုံးများကို လက်ညှိုးထိုးပြပြီး အတူတကွ စာလုံးပေါင်းပါ။

**ကလေးများသည် မတူကွဲပြားသော နှုန်းထားများဖြင့် တိုးတက်ကြကြောင်း သတိပြုရန် အရေးကြီးပါသည်။ စိတ်ရှည်ရှည်ထားပါ၊ အကောင်းမြင်ပြီး အထောက်အပံ့ပေးပါ၊ ၎င်းပြင် သူတို့ အဖြေများကို ရလျှင်ပင် ကြိုးစားလုပ်သည့် အတွက် သူတို့အား ချီးမွမ်းရန် သေချာစေပါ။ အကယ်၍သင် သင့်ကလေး၏ တိုးတက်မှုကို စိုးရိမ်လျှင် သူတို့၏ ဆရာဆရာမနှင့်ပြောဆိုပါ။**

### အတူတကွ စာရေးပါ။

ဈေးဝယ်စာရင်းများကို သင့်ကလေးနှင့်အတူ ရေးပါ။ သင ဘာလုပ်နေပြီး ဘာရေးနေသည့်အကြောင်းကို ပြောပါ။ သူတို့အား ဈေးဝယ်စာရင်းတစ်ခုကိုလည်း ရေးခိုင်းပါ။ လေ့ကျင့်ခြင်းသည် သူတို့၏ စာရေးသားသည့် ပင်ကိုယ်စိတ်ချမှု ကိုတည်ဆောက်ပေးသဖြင့် သင့်ကလေးအား ကြိုးစားလုပ်ရန် အားပေးတိုက်တွန်းပါ။

### စကားလုံးများကို ဖွဲ့စည်းခြင်း

စကားလုံးများရှိ အက္ခရာစာလုံးများကို အခြားစကားလုံးများ ရအောင် ကြိုးစား၍ ပြန်လည်စီစဉ်ပါ။ လွယ်လွယ်စကားလုံးများ နှင့်စတင်လုပ်ပြီး ခက်ခဲသော စကားလုံးများကို ဆက်လုပ်ပါ၊ ဤကဲ့သို့ဖြစ်သည်- *on* နှင့် *no*; *dad* နှင့် *add*; *art*, *rat* နှင့် *tar*; *tabs*, *bats* နှင့် *stab* တို့ဖြစ်ပါသည်။ ၎င်းတို့ကို စကားရပ်များ [anagrams] ဟုခေါ်ပါသည်။

**အင်္ဂလိပ် အက္ခရာရှိ 26 လုံးသောစာလုံးများတွင် မျိုးမတူ ကွဲပြားသော အသံ 44 ခုရှိသည်။ ဥပမာ အက္ခရာ စာလုံး အေ [*a*] တွင် စကားလုံးများဖြစ်သည့် [*apple*] [*craft*] [*any*] နှင့် [*apron*] တို့တွင် ကွဲပြားသော အသံရှိပါသည်။**

### စာလုံးပေါင်းခြင်းသည် အရေးပါသည်။

အပြင်သွားသည့်အခါ သင်တွေ့သည့် ဆိုင်းဘုတ်များ အကြောင်းကို ပြောဆိုပါ။ ဥပမာ သင့်လမ်းအမည်ကို လက်ညှိုးထိုးပြပါ သို့မှသာ သင့် ကလေးသည် စကားလုံးများ၌ ရည်ရွယ်ချက်ရှိကြောင်း နားလည်မည်။

### ကာရံတူသော သံစုံ ကစားပွဲများ

ကာရံတူသံစုံ ကစားပွဲများကို ကစားပါ၊ ဤသို့သော - *What is cute, fluffy and rhymes with mitten?*

**ရေးနိုင် စာလုံးပေါင်းနိုင်သော ကိစ္စမှာ အချိန်ယူလုပ်ရသော ဖြစ်စဉ်များ ဖြစ်ပါသည်။ ကလေးများသည် မတူကွဲပြားသော နည်းလမ်းများနှင့် ကွဲပြားသော နှုန်းထားများဖြင့် သင်ယူလေ့လာကြပါသည်။ စိတ်ရှည်ရှည်ထားပြီး အမြဲတမ်း သူတို့၏ အားထုတ်မှုများကို ချီးမြှောက်ပါ။**

### ကားပေါ်ရှိစဉ် စကားလုံးများ

- ကား၊ ဘတ်စ်ကားနှင့် ရထားပေါ်ရှိစဉ် *အိုင်စပိုင် [I Spy]* ကိုကစားပါ။
- ရပ်ပါ ဆိုင်းဘုတ်ကဲ့သို့ လမ်းနှင့်ယာဉ်ဆိုင်းဘုတ်များ ကို ဖတ်ပါ။ မှန်ကန်သော စာလုံးပေါင်းခြင်းသည် အဘယ်ကြောင့် အလွန်အရေးကြီးကြောင်း သင့်ကလေး နားလည်ရန် ၎င်းသည် အထောက်အကူပြုသည်။
- သင့်ကလေးအား ဤကဲ့သို့မေးခွန်းများကို မေးပါ- *စကားလုံး 'boat' နှင့်ကာရံတူသော စကားလုံးမှာ ဘာလဲ။* နှင့် *စကားလုံး 'long' နှင့် ဆန့်ကျင်ဖက် စကားလုံးမှာ ဘာလဲ။*

Department of
**Education**

သင ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015
CC BY